

# စပါးမျိုးစေ့ဆောင်ရောဂါများ

စပါးရွက်ဖျားခြောက် နီမတုတ်



စပါးရွက်ဖျားခြောက် ရောဂါလက္ခဏာ

စပါးဘက်တီးရီးယား ရွက်စင်းရောဂါ




အလင်းဖောက်နိုင်သော ဘက်တီးရီးယားရွက်စင်းရောဂါ



ဘက်တီးရီးယား ရွက်စင်းရောဂါများ



စပါးရွက်ညိုပြောက်ရောဂါ




စပါးရွက်ဖုံးခြောက်ရောဂါ



စပါးမှိုသီးရောဂါ



စပါးဂုတ်ကျိုးရောဂါ








စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန မှ
ထုတ်ဝေထားသည့် ပညာပေးလက်ကမ်းစာစောင်များအား
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထပ်ဆင့်ဖြန့်ဝေပါသည်။

MRF
Myanmar Rice Federation

# စပါး ဆားငံရည်စိမ် မျိုးရွေးချယ်နည်း အကျိုးကျေးဇူးများ နှင့် စပါးမျိုးစေ့ဆောင်ရောဂါများ



## စပါး ဆားငံရည်စိမ် မျိုးရွေးချယ်ခြင်း

### ရည်ရွယ်ချက်

- ဆားရည်စိမ်နည်းဖြင့် အောင်မြင်ပြည့်ဖြိုးသော စပါးစေ့များ ရရှိရေး
- မျိုးစေ့ဆောင်ရောဂါများအား ကြိုတင်ကာကွယ်နိုင်ရေး
- အထွက်နှုန်း တိုးတက်ကောင်းမွန်ရေး

### ဆောင်ရွက်ရာတွင် လိုအပ်သော ပစ္စည်းများ

- ကျောက်စည် (သို့) အဝကျယ် ပလပ်စတစ်ပုံး (သို့) စည်ပိုင်းပြတ်တစ်ခု
- အိမ်သုံးဆား (သို့) ဆားကြမ်း
- ဆားရည်ပြင်းအားကို တိုင်းတာရန် ဘဲဥ (သို့) ကြက်ဥ တစ်လုံး
- မွှေရန်အတွက် ဝါးခြမ်းပြားတစ်ချောင်း
- မျိုးစေ့များကို ဆယ်ယူရန် နိုင်လွန်ပိတ်စကာ(ပိတ်စိမ်းနှစ်ကိုက်)
- ပေါင်းမျိုးစေ့များကို ဖယ်ရှားရန် ရေစစ် (သို့) ပိတ်ပါးစ




## ဆောင်ရွက်ပုံအဆင့်ဆင့်

### ဆားရည်စိမ်နည်းဖြင့် အောင်မြင်ပြည့်ဖြိုး စပါးစေ့များကို ဆောင်ရွက်မှု

#### ➢ ဆားရည်ပြင်းအား(၁.၀၈)ရရှိရန်အတွက် ဆောင်ရွက်မှု

အိမ်သုံးဆား (၅၀)ကျပ်သားကို ရေတစ်ဂါလံနှုန်းဖြင့် ဖျော်၍ စပါးတစ်တင်းအတွက် ရေ (၈) ဂါလံနှင့် ဆား (၄) ပိဿ လိုအပ်ပါသည်။

ဆားရည်ပြင်းအား (၁.၀၈)ရရှိသောအခါ ကြက်ဥ (သို့) ဘဲဥ သည် ဆားဖျော်ရည်ပေါ်တွင် ပေါ်ရုံလေး ပေါ်လာပါသည်။

ဝါးခြမ်းပြား(သို့) လက်ဖြင့် အနည်းဆုံး(၅)မိနစ်ခန့် မွှေးပေးပြီး ဆားရည်ပေါ်တွင် ပေါ်လာသည့် အဖျင်းအမှော်၊ လုံးပိန်လုံးညှပ်နှင့်အတူ ပေါင်းမျိုးစေ့များကို ဆယ်ယူပါ။

ဆားရည်အလည်တွင် မျောနေသော စပါးစေ့များကို ဖယ်ရှားပါ။ ဤသို့ သုံးလေးကြိမ် ပြုလုပ်ပါ။ တစ်ကြိမ်မွှေတိုင်း စပါးစေ့များကို အောက်သို့အနည်ထိုင်ရန် (၁၅)မိနစ်ခန့်စောင့်ပေးပါ။

ဆားရည်အောက်တွင် ထိုင်နေသော အောင်မြင်သည့် စပါးစေ့များကို ဆယ်ယူပြီး ရေကောင်းဖြင့် ဆားရည်စင်အောင် (၃)ကြိမ်ခန့်ဆေးပါ။

ဆားရည်ကင်းစင်အောင် ဆေးပြီးသောအခါ ပျိုးထောင်မည့် မျိုးစေ့များကို ပုံး (သို့) စည်ပိုင်းပြတ်များတွင် ထည့်ပြီး ရေကို မျက်နှာပြင်အထက်(၄)လက်မခန့် မြှုပ်အောင်ထည့်ပါ။

စပါးများကို စည်ပိုင်းပြတ်တွင် အနည်းဆုံး(၂၄)နာရီကြာအောင်ရေစိမ်ပါ။ ရေစိမ်ထားစဉ် (၆)နာရီတွင် တစ်ကြိမ်ကျ (၄)ကြိမ် ရေသစ်လဲပေးပါ။

မျိုးစိမ်ချိန် (၂၄)နာရီကြာပါက မျိုးစေ့များကို နိုင်လွန်(သို့) ပိတ်စိမ်းဖြင့် ဆယ်ယူ၍ ရေ (၂-၃) ထပ်မံဆေးကြောပြီး ရေစစ်ထားပါ။

ရေစစ်ပြီးသော မျိုးစေ့များကို သမံတလင်း(သို့) ဝါးကြမ်းခင်း (သို့)ကွပ်ပျစ်ပေါ်တွင် ဂုန်နီအိတ် (သို့) ငှက်ပျောဖက် (သို့) အင်ဖက်များခင်း၍ မျိုးစေ့အထူ (၆)လက်မခန့် ဖြန့်ပြီး ရေစိုသည့် ဂုန်နီအိတ်များဖြင့် လုံခြုံစွာ အုပ်ပေးပါ။

အသုံးပြုသည့် ဂုန်နီအိတ်များကို အခြားစပါးမျိုးကွဲစေ့များ မပါရှိအောင် ခါထုတ်ပြီး ရေဖြင့်သန့်စင်အောင် ဆေးကြောပြီး ဖုံးအုပ်ပါ။

မျိုးအုပ်ထားစဉ် (၁၂)နာရီလျှင်တစ်ကြိမ် အထက်အောက်မွှေပေးပါရန်နှင့် မွှေနေစဉ် ရေဖျန်းပါ။

မျိုးအုပ်ချိန် (၂၄-၃၆) နာရီကြာသောအခါ မျိုးညှောင့်များ စာပါးစပ်ပြူလာပြီးဖြစ်၍ မျိုးစေ့ကြဲရန် အသင့်အနေအထား ရောက်ရှိလာပါသည်။

## အကျိုးကျေးဇူးများ

- သန်မာသော ပျိုးပင်များ ရရှိလာသဖြင့် ပိုးမွှားရောဂါဒဏ်ပိုမိုခံနိုင်ခြင်း။
- မျိုးစေ့ဆောင်ရောဂါများ လျော့နည်းစေခြင်း။
- ပယ်လိုက်သောစပါးစေ့များကို အခြောက်ခံပြီး ကြိတ်ခွဲ၍ ကြက်စာ၊ ဘဲစာ၊ ဝက်စာအဖြစ် အသုံးပြုနိုင်ခြင်း။
- မျိုးစေ့နှုန်းသက်သာမည့်အပြင် သန်မာသော စပါးပင်များအတွက် နေရာပိုရသဖြင့် လေဝင်လေထွက် ပိုမိုကောင်းမွန်ခြင်း။
- ပေါင်းမျိုးစေ့များ ဖယ်ရှားနိုင်ခြင်းဖြင့် ပျိုးပင်များ အာဟာရဓါတ် ပိုမိုစုပ်ယူနိုင်ပြီး စပါးအထွက်တိုးနိုင်ခြင်း။